# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 11, 2019 Volume 26, Number 8


**၁၁.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၂/- ကျပ် |
| CBM Rate | = ၁၅၁၀.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၄.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၉.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၀.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၆၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၄၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၈၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပြည်တွင်း မတ်ပဲဈေးနှုန်း ကျပ် ၁၃ သိန်းအထိရှိခဲ့သော်လည်း လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ မတ်ပဲဈေးနှုန်း ကျဆင်းနေသည့်အပြင် ဝယ်ယူမှုလျော့ကျလာသဖြင့် ကျပ် ၉၇၀၀၀၀ ကျော်သာရှိဟုဆို



ပြည်တွင်း၌ မတ်ပဲဈေးနှုန်း ကျပ် ၁၃ သိန်းအထိ ရှိခဲ့သော်လည်း လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ မတ်ပဲဈေးနှုန်းကျဆင်းနေသည့်အပြင် ဝယ်ယူမှုလျော့ကျလာသဖြင့် ကျပ် ၉၇၀၀၀၀ ကျော်သာရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းမှသိရသည်။ “လက်ရှိဈေးကွက်အနေအထားကတော့ မတ်ပဲဈေးကတော့ နည်းနည်းလေးပြန်ကျတယ်။ လက်ရှိမှာ ၉၇၅၀၀၀ လောက်ပြန်ဖြစ်တယ်။ အမြင့်ဆုံး ၁၃ သိန်းကျော်လောက် တက်ပြီးမှ အိန္ဒိယဘက်မှာလည်း ပဲဈေး အထိုက်အလျောက် ပြန်ကျတဲ့အခါမှာ တောက်လျှောက်ပြန်ဆင်းလာတဲ့သဘော။ ဒီရက်ပိုင်းမှာ ဈေးက ပြန်တော့တက်လာတယ် ပြန်တက်လာတယ်ဆိုပေမယ့် အိန္ဒိယဘက်က ဆိပ်ကမ်းမှာ လွယ်လင့်တကူထုတ်မပေးတဲ့ ပြဿနာတွေပေါ့နော်။ ဒါကြောင့်လဲ လက်ရှိမှာ အဝယ်က ပြန်ရပ်သွားပြီ။ အဝယ်ရပ်တဲ့အတွက်ကြောင့် ပြည်တွင်းမှာလည်း ပဲဈေးအထိုက် အလျှောက်ပြန်ကျတဲ့သဘောပေါ့။ မတ်ပဲက ပြည်တွင်းမှာ ၉၇၅၀၀၀ လောက်ပဲ ရှိတယ်” ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောကြားသည်။

လာမည့် မတ်လနှင့် ဧပြီလများတွင် ပြည်တွင်း၌ မတ်ပဲအသစ်များပေါ်မည် ဖြစ်သည်။ ယခုဒီဇင်ဘာလမှ ဇန်နဝါရီလအထိ နှစ်လအတွင်း ပြည်တွင်းရှိ လက်ကျန် မတ်ပဲအဟောင်းများကို များများတင်ပို့ထားနိုင်ရန် လိုအပ်ကြောင်းသိရသည်။ “မတ်ပဲရဲ့သဘောကတော့ မတ်လနဲ့ဧပြီလမှ တကယ်လှိုင်မှာပါ။ ကာလအားဖြင့် ကြည့်ရင်တော့ သုံးလလောက်လိုသေးတယ်လိုပေမယ့် ဘာပဲပြောပြော လက်ရှိ ဒီဇင်ဘာ၊ ဇန်နဝါရီမှာ လက်ကျန်ပဲကို တောက်လျှောက်တင်နိုင်ရင်တော့ အကောင်းဆုံး ပေါ့။ အခုက အိန္ဒိယကုန်သည်တွေက မဝယ်တာတော့ မဟုတ်ဘူးဝယ်တယ်။ အိန္ဒိယ

ဆိပ်ကမ်းဘက်မှာက သူတို့အကောက်ခွန်နဲ့ ပြဿနာတက်နေတာလေးတွေ ကြားရတယ်။ ဟိုဘက်မှာ ပစ္စည်းချလို့မရလို့ ပစ္စည်းတင်တာ ပြုတာလေးတွေ နှောင့်နှေးတာလေးတွေတော့ အဝယ်ထပ်ပြီးမရှိတာတို့ အဲဒါမျိုးလေးတွေတော့ရှိတယ်။ ပဲသစ်မပေါ်ခင်မှာ ပဲအဟောင်းလေးတွေကို အထိုက်အလျောက် ဝယ်သွားမယ်၊ တင်သွားမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့" ဟု ဦးမင်းကိုဦးကပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ စသည့် ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ ယင်းအနက် မတ်ပဲနှင့်ပဲစဉ်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံတချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် ယခင်နှစ်ကာလတူထက် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၃၀၀၀၀ ခန့် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၅ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ရှစ်သောင်းကျော် တင်ပို့ထားပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၅၆ သန်းကျော်ရရှိထားသည်။ ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်မှ ထုတ်ပြန်ချက်များ အရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပြည်တွင်းမတ်ပဲ ဈေး FAQ တစ်တန်လျှင် ကျပ် ၉၉၂၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၁၀၅၇၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိသည်။

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များတွင် နိုင်ငံခြားငွေအများဆုံး ရှာဖွေပေးလျက်ရှိသည့် ပဲမျိုးစုံတိုးချဲ့တင်ပို့နိုင်ရေး အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ထပ်မံသွားရောက်ခဲ့ပြီး ပဲမျိုးစုံအား နှစ်နိုင်ငံ G to G လက်မှတ်ရေးထိုး တင်ပို့နိုင်ရေး ထပ်မံညှိနှိုင်းခဲ့ကြပြီး G to G မတိုင်မှ အချက်သုံးချက်တောင်းဆိုခဲ့ကြောင်း၊ ပထမအချက်အနေဖြင့် ယခုနှစ် အတွက် တင်သွင်းခွင့်ခွဲတမ်း ထုတ်ပြန်ချက်အား မတ်လကုန်၌ ထုတ်ပြန်ပေးရန်၊ ဒုတိယအချက်အနေဖြင့် မတ်ပဲကိုခွဲတမ်းပို၍ သတ်မှတ်ပေးရန်နှင့် တတိယအချက်အနေဖြင့် ခွဲတမ်းကိုသုံးလသာမဟုတ်ဘဲ တစ်နှစ်ပတ်လုံး တင်သွင်းခွင့်ပြုပေးရန် တောင်းဆိုခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

**Source:** https://news-eleven.com/article/149079

## တရုတ် Wechat နယ်ချဲ့လာတဲ့ မိုးကုတ်ကျောက်မျက်ဈေးကွက်




မိုးကုတ်မြို့တွင် ပတ္တမြားရောင်းဝယ်သူ အများဆုံးတွေ့ရသည့် ပန်းခြံထာပွဲဈေးတွင် ယခုနှစ်ပိုင်းအတွင်း တရုတ် Wechat အက်ပလီကေးရှင်းကို အသုံးပြု၍ ရောင်းဝယ်မှုများရှိလာသည်ဟု ကုန်သည်အချို့က ပြောဆိုကြသည်။ Wechat ကို အသုံးပြု၍ တန်ဖိုး သောင်းဂဏာန်းရှိသည့် ပတ္တမြားကျောက်များ နေ့စဉ်အရောင်း အဝယ်ဖြစ်ပြီး ကျောက်လိမ်လည်ရောင်းဝယ်ခြင်း မရှိစေရန် ရောင်းသူဝယ်သူ နှစ်ဖက်စလုံးကို သတိပေးထားရကြောင်း ထာပွဲ ပွဲစားကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဆွေက ပြောကြားသည်။ ပန်းခြံထာပွဲဈေးတွင် ကျောက်မျက်ရတနာ အရောင်းအဝယ်ပြုသည့် ထိုင်ခုံပေါင်း ၄၀၀ ခန့်ရှိပြီး Wechat ဖြင့် အရောင်းအဝယ်ပြုသည့် ထိုင်ခုံမှာ ၁၀ ခုံခန့်ရှိသည်ဟု ၎င်းက ဆက်လက် ပြောဆိုသည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/posts/511693856098564?__tn__=K-R

## ကမ္ဘောဒီးယားဆန် တောင်အာဖရိကသို့ စတင်တင်ပို့မည်



အရှေ့တောင်အာရှဒေသတွင် ဆန်တင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားက တောင်အာဖရိကနိုင်ငံသို့ ဆန်တင်ပို့ရောင်းချရန်နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း VNA သတင်းကဖော်ပြသည်။ ကမ္ဘောဒီးယားက တောင်အာဖရိကနိုင်ငံသို့ ဆန်တင်ပို့ရောင်းချရန် ကမ္ဘောဒီးယား Mekong Oryza Trading ကုမ္ပဏီနှင့် တောင်အာဖရိကအခြေစိုက် Green Shield Africa Group ကုမ္ပဏီ၊ ဟောင်ကောင်အခြေစိုက် Zhonghui Taifu International ကုမ္ပဏီတို့ နိုဝင်ဘာ ၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ယခု လက်မှတ်ရေးထိုးမှုသည် ကမ္ဘောဒီးယားနိုင်ငံက တရုတ်သို့ဆန်တင်ပို့မှုနှင့် ဈေးကွက်သစ်ဖြစ်သော တောင်အာဖရိက နိုင်ငံများသို့ ဆန်တင်ပို့မှုကိုမြှင့်တင်ရန် အထောက်အကူပေးမည်ဖြစ်ကြောင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယားစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးလုပ်ငန်းရေးရာဝန်ကြီး ဗန်ဆာခွန်က ပြောကြားသည်။ ယခု လက်မှတ်ရေးထိုး သဘောတူခဲ့သည့် ဆန်တင်ပို့မည့်ကာလမှာ သုံးနှစ်ဖြစ်ပြီး ယင်းကာလအတွင်း ဆန်တန်ချိန် ၁၀၀၀၀၀ တရုတ်၊ အာဖရိကနှင့် ဥရောပသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား Mekong Oryza Trading ကုမ္ပဏီဥက္ကဋ္ဌ ဟွန်လက်က ပြောကြားသည်။

ကမ္ဘောဒီးယားဆန်ဖက်ဒရေးရှင်း၏ စာရင်းဇယားများအရ ၂၀၁၉ ခုနှစ် ပထမ ကိုးလအတွင်း ဆန်တန်ချိန် ၃၉၈,၅၈၆ တန် နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့ရာ ၂၀၁၈ ခုနှစ်ကထက် ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာသည်။ ကမ္ဘောဒီးယားမှာ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ၄၄ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး ဥရောပသမဂ္ဂသို့ ဆန်တင်ပို့မှုမှာ ၃၀ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/posts/511693856098564?__tn__=K-R

## အရည်အသွေးပြည့်မီသည့် ထောပတ်သီးနှင့် နာနတ်သီးပို့ကုန်များ ဈေးငွေအခက်အခဲ အစိုးရထံတင်ပြ




ထောပတ်သီးနှင့် နာနတ်သီး ပို့ကုန်အရည်အသွေး ပြည့်မီစေရေးအတွက် ထုပ်ပိုးစက်ရုံများ၊ အခြောက်ခံ၏စက်ရုံများ တည်ဆောက်ရန် ဈေးငွေရယူရာတွင်ခက်ခဲနေ၍ အစိုးရကသင့်လျော်သည့် ဈေးငွေထုတ်ပေးရန် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက ဒုသမ္မတထံ တင်ပြတောင်းဆိုခဲ့သည်။ ဒီဇင်ဘာ ၈ ရက်က ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်တွင် ကျင်းပသည့် ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေ ဦးဆောင်သော မြန်မာ့ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၃၁) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာမြပဟန်နှင့် မြန်မာနိုင်ငံဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်း အတွင်း ရေးမှူး ဦးအောင်စိုးမင်းကျော်တို့က တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။

အရည်အသွေးပြည့်ထုတ်ကုန်များထုတ်လုပ်ရန် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းကိရိယာများ၊ အလုပ်သမားကုန်ကျစရိတ်များအတွက် ငွေအရင်းအနှီးအခက်အခဲများကြုံတွေ့နေရပြီး SMEဈေးငွေများရယူရန် အပေါင်ပစ္စည်းနှင့် ဘဏ်လုပ်ငန်းကိစ္စများဆောင်ရွက်ရာတွင် အခက်အခဲများစွာကြုံတွေ့နေရသဖြင့် နိုင်ငံတော်က MFVP လုပ်ငန်းရှင်များနှင့်တောင်သူများအား

ဆီလျော်သော သစ်သီးဝလံဈေးငွေပံ့ပိုးကူညီပေးရန် ၎င်းကပြောသည်။ ထို့ပြင် နာနတ်သီးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်(မူဆယ်ဂိတ်)မှ တင်ပို့ရောင်းချခဲ့ရာတွင် ယခုနှစ် နာနတ်သီးထွက်ရှိချိန်၌ တရုတ်နိုင်ငံမှဝယ်ယူရန် ပိတ်ထားခဲ့မှုကြောင့် မြန်မာနိုင်ငံမှ နာနတ်စိုက်တောင်သူများ တန်ချိန်ပေါင်း ၂၄၈၀၀၊ တန်ဖိုးငွေကျပ် သန်း ၇၀၀၀ နီးပါးဆုံးရှုံးခဲ့ကြောင်း၊ သို့ဖြစ်၍ နာနတ်စိုက် တောင်သူများဆုံးရှုံးမှုမရှိစေရန်အတွက် တရုတ်နိုင်ငံနှင့်နာနတ်သီး တရားဝင်တင်ပို့နိုင်ရေးဆွေးနွေးညှိနှိုင်းပေးရန် ထည့်သွင်းတင်ပြခဲ့သည်။ သစ်သီးဝလံ၏တင်ပို့သူများအတွက် ပုံမှန်လမ်းကြောင်းမှတင်ပို့ရာတွင် အခက်အခဲကြန့်ကြာမှုများ ရှိနေ၍ တစ်နေရာတည်းမှရယူနိုင်ရန် One Stop Service စီစဉ်မှုဖြင့်ဆောင်ရွက်ပေးရန် ၎င်းကဒုသမ္မတထံ တင်ပြခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/132223.html

## တနင်္သာရီ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် လုပ်ငန်းအမျိုးအစားခုနစ်ခု သဘောတူလက်မှတ်ရေးထိုး




တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မြိတ်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ အိမ်နီးချင်းနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံသူများက လုပ်ငန်းခုနစ်ခုကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခုမှာ ထိုင်း၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက "ဖိုရမ်ပွဲအပြီးမှာ မြိတ်ခရိုင်ထဲက လုပ်ငန်းခုနစ်ခုကို အိမ်နီးချင်းနိုင်ငံသုံးနိုင်ငံက လာရောက်ရင်းနှီး မြှုပ်နှံခဲ့ပါတယ်။ လက်ရှိအချိန်အထိတော့ နိုင်ငံတကာက ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုငွေပမာဏ အတိအကျပြောနိုင်ခြင်းမရှိသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖိုရမ်ပွဲကိုအချိန်မီတက်ရောက်နိုင်ခြင်းမရှိတဲ့ ကိုရီးယားနိုင်ငံက လုပ်ငန်းရှင်လည်းဝင်လာနေတယ်"ဟု ပြောဆိုသည်။ အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခုသည် လက်ရှိအချိန်၌ မြိတ်ဒေသတွင် အကောင်အထည်ဖော်လုပ်ကိုင်နေသည့် လုပ်ငန်းအမျိုးအစားများဖြစ်ပြီး ရေပေးဝေရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ရော်ဘာစီမံကိန်းလုပ်ငန်း၊ မြို့သစ်စီမံကိန်း၊ ဆေးရုံ၊ ဆီအုန်း စီမံကိန်းစက်ရုံနှင့်ခရီးသွားလုပ်ငန်းများဖြစ်ကြောင်းသိရသည်။

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်က မြိတ်မြို့တွင် နှစ်ရက်တာ ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးတွင် အဓိကလိုအပ်နေသော လျှပ်စစ်ကဏ္ဍပိုင်းကို လာရောက်ရင်းနှီးမြှုပ်နှံမှုများပါရှိခြင်းမရှိဘဲ ဒေသခံလုပ်ငန်းရှင်များက ဈေးနှုန်းသက်သာသည့် လျှပ်စစ်စီမံကိန်းများကို ပြုလုပ်စေချင်ကြောင်းသိရသည်။ မြိတ်မြို့တွင် ကျင်းပခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၁၉) ကို နိုင်ငံတော်ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေနှင့်အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာသံရုံးအသီးသီးက တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၆၄ ဦး တက်ရောက်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/132221.html

## ကြက်သွန်နီဈေး အတက်၊ အကျ မကြမ်းစေရန်



မြန်မာနိုင်ငံမှာ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်နေမှု၊ ကြက်သွန်တောင်သူများရဲ့ လက်တွေ့ကြုံတွေ့နေရတဲ့ အခက်အခဲများ၊ ကြက်သွန်နီအရည်အသွေးနဲ့ ဈေးနှုန်းမတည်ငြိမ်မှုများ၊ ကျယ်တစ်ရှဉ်းကျဉ်းတစ်ကောင်ဆိုတဲ့ ကြက်သွန်နီစိုက် တောင်သူများရဲ့ဆိုရိုးစကားနဲ့ နှစ်အလိုက်ကြုံတွေ့နေရတဲ့ ကြက်သွန်နီစိုက်တောင်သူများရဲ့ အခြေအနေများအပါအဝင် ကြက်သွန်နီနဲ့

သက်ဆိုင်တဲ့ဆောင်းပါးများကို ရေးသားခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ မြန်မာပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ ကြက်သွန်နီ လက်လီ ၊ လက်ကားဈေးနှုန်းများစွာ ခုန်တက်လာနေတာကို တွေ့ရပါတယ်။ ဆောင်းကြက်သွန်နီလက်ကျန် နည်းပါးနေပြီ ဖြစ်တဲ့ အတွက်ကြက်သွန်နီဈေး ကြီးမြင့်နေပါတယ်။ ဒါကြောင့် ဈေးနှုန်းချိုတဲ့ တရုတ်နိုင်ငံက ကြက်သွန်နီအလုံးကြီးမျိုး (ကြက်သွန်နီအချိုမျိုး)များ တင်သွင်းလာသော်လည်း မြန်မာအိမ်ရှင်မများ ဝယ်ယူစားသုံးမှုနည်းတာကို တွေ့ရပါတယ်။ ပြည်တွင်းမှာ ကြက်သွန်နီဈေး တက်နေသော်လည်း စိုက်ပျိုးတဲ့ကြက်သွန်နီတောင်သူများ လက်ထဲမှာတော့ ကြက်သွန်နီ လက်ကျန်မရှိတော့ပါ။ ကြက်သွန်နီလှောင်ထားတဲ့ကုန်သည်နဲ့ ပွဲရုံများမှာသာ လက်ကျန်ရှိနေကြတာ ဖြစ်တဲ့အတွက် ယခုအချိန် ကြက်သွန်နီဈေးတက်ခြင်းဟာ ကြက်သွန်နီစိုက်တောင်သူများအတွက် အကျိုးလုံးဝမခံစားရပါ။ ဒီအချိန်ရာသီ အောက်တိုဘာလ (သီတင်းကျွတ်လ) ရောက်သော် လှောင်ထားတဲ့ ဆောင်းကြက်သွန်နီ များ သွန်ချိန်(အနားယူချိန် ကုန်ဆုံးပြီးအညှောက်ပေါက်လာမှု) ရောက်လာပြီဖြစ်တဲ့အတွက် ဈေးတက်လေ့ရှိတာ နှစ်စဉ်လိုပင်ဖြစ်ပါတယ်။ ပြည်တွင်း ကြက်သွန်နီဈေးနှုန်း အတက်၊ အကျမကြမ်းဘဲ ရာသီအလိုက် ပုံမှန်ဈေးနှုန်း အတက်အကျအခြေအနေများဖြစ်လာစေဖို့ မြန်မာ နိုင်ငံရဲ့ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်နေတဲ့အစီအစဉ်နဲ့ စိုက်ပျိုးနည်းစနစ်များကိုပြန်လည်သုံးသပ်ကာ ပြုပြင်ဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်တဲ့ အဓိကနေရာဒေသများမှာ မကွေး၊ မန္တလေးနဲ့စစ်ကိုင်းတိုင်းဒေသကြီးတို့ ဖြစ်ကြပြီး ရှမ်းပြည်နယ်စတဲ့ ပြည်နယ်တချို့မှာလည်း စိုက်ပျိုးကြပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှာ စီးပွားဖြစ် ကျယ်ပြန့်စွာစိုက်ပျိုးထုတ်လုပ်မှုမရှိကြပါ။ ကြက်သွန်နီကို စိုက်ပျိုးတဲ့ရာသီပေါ်မူတည်ကာ မိုးကြက်သွန်နီနဲ့ ဆောင်း ကြက်သွန်နီဆိုပြီး အဓိကနှစ်မျိုးထုတ်လုပ်ကြပါတယ်။ ဒီအထဲမှာ ဆောင်းကြက်သွန်နီကို အဓိကထားပြီး စိုက်ပျိုးကြရာ စိုက်ပျိုးတဲ့ဧရိယာလည်းများပါတယ်။ မျိုးစေ့ကို ပျိုးထောင်စိုက်ပျိုးကြတာဖြစ်ပါတယ်။ မိုးကြက်သွန်နီကိုမူ မျိုးစေ့မှ ပျိုးထောင်စိုက်ပျိုးမှုမပြုကြဘဲ ကြက်သွန်ဥကို မျိုးအဖြစ်အသုံးပြုစိုက်ပျိုးကြတာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဧရိယာလည်း နည်းတာကိုတွေ့ရပါတယ်။ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်တဲ့ နေရာဒေသနည်းပါးနေရတဲ့ အဓိကအဟန့်အတားကတော့ အပူချိန်လည်း ပါဝင်ပတ်သက်မှုရှိသော်လည်း စိုက်ပျိုးတဲ့မြေရဲ့ ချဉ်–ငန်ကိန်း (ပီအိပ်ချ်) ဟာ အဓိကဖြစ်နေတာကို တွေ့ရပါတယ်။ မြေရဲ့ချဉ်– ငန်ကိန်း ၆ ဒသမ သုည အထက်ရှိနေမှသာ ကောင်းစွာဖြစ်ထွန်းပြီးဥဆင်းနိုင်တာကို တွေ့ရပါတယ်။ သို့အတွက် မြေချဉ်တဲ့ (ပီအိပ်ချ်နိမ့်တဲ့) မြန်မာနိုင်ငံအောက်ပိုင်းမြေများမှာ ဆောင်းကြက်သွန်နီ အောင်မြင်စွာစိုက်ပျိုးနိုင်ရန် အခက်အခဲရှိနေတာဖြစ်နိုင်ကြောင်း ထင်မြင်ယူဆမိ ပါတယ်။မိုးကြက်သွန်နီကို မိုးလယ်ကာလမိုးမများတဲ့ ဒေသများမှာသာ စိုက်ပျိုးနိုင်ပါတယ်။ မျိုးဥများကိုသာ မျိုးအဖြစ်အသုံးပြုကြတဲ့အတွက်စိုက်ပျိုးချိန်မှာလည်း သုံးလမှလေးလခန့်သာ ကြာမြင့် ပါတယ်။ ဆောင်းကြက်သွန်နီကဲ့သို့ ဥများကောင်းစွာရင့်ကာ ကြက်သွန်နီအရွက်များ ပျော့လာသည်အထိမထားဘဲဥကို တူးဖော်ရောင်းချကြလေ့ရှိပါတယ်။ ဆောင်းကြက်သွန်နီကဲ့သို့ သိုလှောင်မထားကြပါ။ သိုလှောင်ရောင်းချကြတဲ့ ဆောင်းကြက်သွန်နီများကုန်ချိန် သို့မဟုတ် ဆောင်းကြက်သွန်နီများသွန်ချိန်မတိုင်မီ ဈေးကွက်တွင်းမှာ ကြက်သွန်နီများ မပြတ်လပ်စေရန် အစားထိုးရောင်းချစားသုံးနိုင်ဖို့ အဓိကဦးတည်ချက်ထားပြီး မိုးကြက်သွန်နီကို စိုက်ပျိုးကြတာဖြစ်ပါတယ်။ မျိုးအဖြစ်အသုံးပြုကြတဲ့ ဥအမျိုးအစားများမှာ ဆောင်းကြက်သွန်နီဥများထဲမှ ရောင်းတမ်းမဝင်တဲ့ ကြမ်းကျွံဥများ၊ ဥငယ်များနဲ့ ဇော်မွှားလို့ခေါ်ကြတဲ့ ဆောင်းကြက်သွန်နီအဖြစ် စိုက်ပျိုးရန်ပျိုးထောင်ထားပြီး မစိုက်ပျိုးဖြစ်တဲ့ သို့မဟုတ် စိုက်ပျိုးပြီး ပိုကျန်နေတဲ့ ပျိုးပင်များကို ပျိုးခင်းမှာဆက်လက်ထားပြီး ရရှိလာတဲ့ ဥအသေးလေးများဖြစ်ကြပါတယ်။ မျိုးအဖြစ်အသုံးပြုတဲ့ မျိုးဥပေါ်မူတည်ကာ ဥထွက်လည်းကွာခြားနိုင်သကဲ့သို့ ဥအရည်အသွေးလည်းကွာခြားပါတယ်။ ဥကိုတူးဖော်ပြီး အမြိတ်ကို ဖြတ်ကာ ချက်ချင်းရောင်းချကြတဲ့အတွက် အစိုဓာတ်များနေကာ သိုလှောင်မှုမပြုကြပါ။

ဆောင်းကြက်သွန်နီကို သီတင်းကျွတ်လပြည့်ပြီးနောက် မျိုးစေ့ကို ပျိုးထောင်ကြလေ့ရှိပါတယ်။ ပျိုးသက်တစ်လခွဲခန့် ထားပြီး စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးကြပါတယ်။ (ဇော်မွှားဥငယ်များကို တိုက်ရိုက်စိုက်ပျိုးသူများလည်း အနည်းငယ်ရှိပါ တယ်)။ ဆောင်းကြက်သွန်နီမှာလည်း စိုက်ပျိုးတဲ့မြေနဲ့ စနစ်ပေါ်မူတည်ကာ ကုန်းကြက်သွန်နီနဲ့ ချောင်းကမ်းများ၊ သဲသောင် များမှာ စိုက်ပျိုးကြတဲ့ ချောင်း သို့မဟုတ် ဓာတ်ကြက်သွန်နီဆိုပြီး နှစ်မျိုးထပ်ခွဲကြပါသေးတယ်။ ရေရရှိနိုင်မှုနဲ့ စိုက်ပျိုးမြေ ရရှိနိုင်မှုများပေါ်မူတည်ပြီး ယခုအခါ ဆောင်းကြက်သွန်နီကို အဓိကထားစိုက်ပျိုးလာကြတာကိုတွေ့ရပါ တယ်။ ဆောင်းကြက်

သွန်နီထက် ကုန်းကြက်သွန်နီက ပိုအထားခံတယ်လို့ဆိုကြပါတယ်။ ဆောင်းကြက်သွန်နီက မိုးကြက်သွန်နီထက် စိုက်ပျိုးထုတ်လုပ်စရိတ် ပိုမိုကုန်ကျသကဲ့သို့ သိုလှောင်ရောင်းချနိုင်တဲ့အတွက် ဈေးကွက်လည်း ပိုမိုကောင်းမွန်တာကို တွေ့ရပါတယ်။ တစ်ဖန်ကုန်းကြက်သွန်နီက ဆောင်းကြက်သွန်နီထက် ရေလောင်း၊ ပေါင်းသင်စရိတ်များ ပိုမိုကုန်ကျကြောင်း တွေ့ရပါတယ်။ ဆောင်းကြက်သွန်နီကို အစောဆုံးပျိုးထောင်စိုက်ပျိုးသူများဟာ ဖေဖော်ဝါရီလမှာ ဥများကိုစတင်တူးဖော်ကြပါတယ်။ ကြက်သွန်နီပေါ်စကာလမှာပေါက်တဲ့ ဈေးနှုန်းပေါ်မူတည်ကာ ဈေးနှုန်းသင့်တင့်ကောင်းမွန်သော် တူးဖော်ပြီးကြက်သွန်နီဥများကို မန်သေသည်အထိမထားကြဘဲ ကြက်သွန်နီမြိတ်ကိုဖြတ်ကာ ချက်ချင်းဈေးကွက်သို့ မြိတ်ဖြတ်ကြက်သွန်နီအဖြစ်တင်ပို့ရောင်းချကြပါတယ်။

ထိုကြက်သွန်နီဥများမှာ အစိုဓာတ်ပါဝင်မှု များတဲ့အတွက် သိုလှောင်လို့မရသေးပါ။ တူးဖော်ပြီး ကြက်သွန်နီဥများကို မန်သေသည်အထိ အရိပ်အောက်တွင် ထားပေးပြီးနောက် ကြက်သွန်နီ အမြိတ်များကို ဖယ်ရှားကာ ရောင်းချကြခြင်းဟာ ပုံမှန်ဆောင်းကြက်သွန်နီဥ တူးဖော်ရောင်းချမှုစနစ် ဖြစ်ပါတယ်။ ထိုကြက်သွန်နီဥများကိုသာ ကြာရှည်သိုလှောင်ရောင်းချလို့ရတာဖြစ်ပါတယ်။ ယခုအခါ လယ်ယာလုပ်သား ရှားပါးလာမှုကြောင့် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်စရိတ်များဟာလည်း သွင်းအားစုများ အပါအဝင်နှစ်စဉ် တိုးတက်ကုန်ကျလာနေတာကို တွေ့ရပါတယ်။ စိုက်ပျိုးရေး လုပ်ငန်းများ အချိန်မီပြီးစီးစေရန်နဲ့ ထုတ်လုပ်မှုစရိတ် သက်သာနိုင်စေဖို့ လူလုပ်အားအစား စက်ကိရိယာများကို အစားထိုးအသုံးပြု စိုက်ပျိုးနေကြတာကို တွေ့ရပါတယ်။ ရေလောင်းပေးရာမှာ ရေဖျန်းစနစ်များ တပ်ဆင်အသုံးပြုလာကြပါပြီ။ သို့သော် လုပ်အားစရိတ်များ ထဲတွင် ကုန်ကျမှုများတဲ့ ပေါင်းသင်ခြင်းကိုမူ လူလုပ်အားများဖြင့်သာ ဆောင်ရွက်နေကြရပါသေးတယ်။ ထို့အတူ ပျိုးထောင်မှု၊ စိုက်ခင်းမြေပြင်မှုနဲ့ စိုက်ကျင်း၊ စိုက်ပေါင်ပြင်မှု၊ ပျိုးပင်ရွှေ့ပြောင်းစိုက်ပျိုးမှုနဲ့ ဥဖော်မှုလုပ်ငန်းများတွင်လည်း လူလုပ်အားများကို အသုံးပြုနေကြရပါသေးတယ်။ ပြည်ပက တင်သွင်းစိုက်ပျိုးတဲ့ ဥကြီး ကြက်သွန်နီ (ကြက်သွန်နီအချို) မျိုးစေ့များကို မျိုးစေ့ကြိုးပြားများဖြင့် ထုတ်လုပ်လာကြရာ ပျိုးထောင်မှုမရှိဘဲ တိုက်ရိုက်အတန်းလိုက် စိုက်ပျိုးလာနိုင်ကြတာကို တွေ့ရပါတယ်။ ပြည်တွင်းကြက်သွန်နီ မျိုးများကိုမူ မျိုးစေ့မှ တိုက်ရိုက်စိုက်ပျိုးနိုင်မှုမရှိသေးပါ။ ပြည်တွင်းကြက်သွန်နီမျိုး များရဲ့ စိုက်ပျိုးပြုစုနည်းစနစ်များကို ပြုပြင်ဆောင်ရွက်သွားကြရန် လိုအပ်နေပြီဖြစ်ပါတယ်။ ပြည်တွင်း ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာကာ စိုက်ပျိုးသူ တောင်သူများ အခက်အခဲမရှိစေဘဲ ထိုက်သင့်ကောင်းမွန်တဲ့အထွက်၊ ဈေးနှုန်းနဲ့ အကျိုးအမြတ်ရရှိစေရေး၊ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေကြသူများ လိုအပ်တဲ့ ကြက်သွန်နီ အရည်အသွေးနဲ့ ထွက်ကုန်ပမာဏ ရရှိစေရေးနဲ့အတူ စားသုံးသူများလည်း ရာသီအလိုက် ဈေးနှုန်းအတက်၊ အကျ ရှိနိုင်စေကာမူ ဈေးနှုန်းသင့်တင့်မှန်ကန်စွာဖြင့် ဝယ်ယူစားသုံးနိုင်ကြစေရေးအတွက် လက်ရှိ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အောက်ပါလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်သင့်ကြပါကြောင်း အကြံပြုလိုပါတယ်။

အများစု လက်ရှိကျင့်သုံးနေကြတဲ့ကြက်သွန်နီမျိုးစေ့ ထုတ်လုပ်ခြင်းကို ကြက်သွန်နီဥထုတ်လုပ်တဲ့ စိုက်ခင်းများတွင် တွဲဖက်စိုက်ပျိုးခြင်း မပြုကြဘဲ သီးသန့်မျိုးစေ့ထုတ် စိုက်ခင်းများဖြင့် စိုက်ပျိုး ထုတ်လုပ်ကြရန်နဲ့ ကြက်သွန်နီမျိုးအလိုက် မျိုးဥများကို နည်းစနစ်မှန်စွာ ရွေးချယ်အသုံးပြုကြရန်လည်း လိုအပ်ပါတယ်။ဝတ်မှုန်ကူးမှု ကောင်းမွန်ပြီး အောင်မြင်တဲ့ မျိုးစေ့များကိုသာ ရွေးချယ်သန့်စင် ရယူစိုက်ပျိုးကြရန်လည်း လိုအပ်ပါတယ်။ ကြက်သွန်နီအချို (ဥကြီး)မျိုးများကို “စပ်မျိုး” မျိုးစေ့များ အသုံးပြုစိုက်ပျိုးနေကြတာဖြစ်ပါတယ်။ မျိုးစေ့များကို တစ်စေ့ချင်း အလုံးငယ်များအဖြစ် ဆေးစီရင်ပြုလုပ်ရောင်းချမှုများရှိသကဲ့သို့ ကြက်သွန်နီမျိုးစေ့များကို ကြိုးပြားများတွင် စိုက်ပျိုးလိုတဲ့ အပင်အကွာအဝေးအလိုက် တစ်စေ့ချင်း ထည့်သွင်းပေးကာ ကြိုးပြားလိပ်များအဖြစ် ထုတ်လုပ်ရောင်းချနေကြပါတယ်။ ကြက်သွန်နီအချို ဥကြီးမျိုးများကို အများအားဖြင့် ပျိုးထောင်စိုက်ပျိုးမှု မပြုကြတော့ဘဲ မျိုးစေ့ကိုတိုက်ရိုက်စိုက်ပျိုးနေကြပါပြီ။ မျိုးစေ့တစ်စေ့ချင်း အလုံးငယ် ပြုလုပ်ထားတဲ့ ကြက်သွန်နီအချိုမျိုးစေ့ကို မျိုးစေ့ချကိရိယာများသုံးကာ တိုက်ရိုက်စိုက်ပျိုးကြသကဲ့သို့ ကြိုးပြားစနစ်မျိုးစေ့များကိုလည်း အတန်းလိုက်ချ စိုက်ပျိုးကြတာ ဖြစ်ပါတယ်။ မြန်မာကြက်သွန်နီ မျိုးစေ့များကိုလည်း တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနိုင်ရေး တီထွင်ဆောင်ရွက်ကြရန်လိုပါတယ်။ အထွက်နှုန်းတိုးတက်ကောင်းမွန်သေချာစေနိုင်ဖို့ မြန်မာနိုင်ငံမှာ စိုက်ပျိုးနေတဲ့ ကြက်သွန်နီမျိုးများကို စပ်မျိုးထုတ်လုပ်ရောင်းချပေးနေတဲ့ အိန္ဒိယစတဲ့နိုင်ငံများက တင်သွင်းစိုက်ပျိုးသင့်ပါတယ်။

ပေါင်းသင်စရိတ်ဟာ ကြက်သွန်နီစိုက်ပျိုးစရိတ်များထဲမှာ ကုန်ကျမှုများပြားတဲ့အတွက် သာမန်စိုက်ပျိုးထုတ်လုပ်တဲ့ စိုက်ခင်းများဖြစ်ပါက ပေါင်းပင်များကိုသာ ရွေးချယ်သေစေနိုင်တဲ့ “ရွေးချယ်ပေါင်းသတ်ဆေး”များကို အသုံးပြုပြီးပေါင်း နှိမ်နင်းပေးနိုင်ပါတယ်။ ဆေးများမသုံးလိုပါက မြေဖုံးစနစ်တစ်မျိုးမျိုးကို အသုံးပြုစိုက်ပျိုးကာ ပေါင်းပင်များပေါက်ရောက်မှု လျော့ကျသက်သာစေရေး ဆောင်ရွက်ကြရန်လိုပါတယ်။ ဖရဲ၊ သခွားမွေးများမှာကဲ့သို့ ပလတ်စတစ်အမည်းများကိုသုံးကာ မြေဖုံးစိုက်ပျိုးခြင်းဖြင့် အစိုဓာတ်ကို ပိုမိုထိန်းသိမ်းပေးစေနိုင်တဲ့အပြင် ရေလိုအပ်မှုကို လျှော့ချစေနိုင်သကဲ့သို့ ပေါင်းသင် လုပ်ငန်းကိုလည်း လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ ရေဖျန်းစနစ်ကို အသုံးပြုကြရာမှာ ဓာတ်မြေသြဇာရည် အချိုးကျရောစပ် အသုံးပြုပေးခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုနည်းစေကာ ပိုမိုအကျိုးရှိစေနိုင်ပါတယ်။ မြေဖုံးစနစ်တွင် ရေအစက်ချစနစ်ကိုပါ တွဲဖက် အသုံးပြုနိုင်ပါက လုပ်အားလိုအပ်ချက်ကိုများစွာလျှော့ချပေးစေကာ လုပ်ငန်းများလည်း အချိန်မီပြီးစီးစေနိုင်မှာဖြစ်ပါတယ်။

မိုးကြက်သွန်နီအထွက် တိုးတက်စေရန်မျိုးဥရွေးချယ်မှုကို အထူးသတိပြုကြရန်နဲ့ ဈေးကွက်မှာကြက်သွန်နီအဆက် မပြတ် ရရှိစေရန် လက်ရှိမိုးကြက်သွန်နီ စိုက်ပျိုးဧရိယာထက် ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရေး စည်းရုံးဆောင်ရွက်ကြရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဆောင်းကြက်သွန်နီများ အရည်အသွေးနဲ့အလေးချိန် လျော့နည်းမှုနည်းပါးစေနိုင်တဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာများကို စမ်းသပ်ဖော်ထုတ်အသုံးချသင့်ပါပြီ။ ဆောင်းကြက်သွန်နီဥများ ကြာရှည်သိုလှောင်ထားနိုင်ရန်နဲ့ အညှောက် ပေါက်မှုမရှိစေရန် ဓာတုဆေးများသုံးစွဲမှုအပြင် တခြားနည်းပညာများကို စမ်းသပ်ဖော်ထုတ်အသုံးချဖို့လည်းလိုအပ်မှာဖြစ်ပါ တယ်။

**Source:မြန်မာတောင်သူကြီးများ ဂျာနယ်,** http://htwettoe.com/article-details/news/8388249

## ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကျင်းပမည်

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်မှ ၇ ရက် အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကျင်းပနိုင်ရေး မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးထံမှသိရသည်။ အဆိုပါပြပွဲကို နိုင်ငံသားကျောက်မျက်ရတနာ အသေးစားလုပ်ငန်းရှင်များ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေး၊ အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေးနှင့် ပြည်ပသို့ တရားမဝင်ရောင်းချခြင်းများ တားဆီးနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ ယခုကျင်းပမည့် ရောင်းချပွဲတွင် နိုင်ငံသားများကိုသာ တက်ရောက်ခွင့်နှင့် ဝယ်ယူခွင့်ပြုမည်ဖြစ်ပါကြောင်း၊ ရောင်းချပွဲအကြိုကာလမှစ၍ လုံခြုံရေးကောင်းမွန်စေရေး သက်ဆိုင်ရာ လုပ်ငန်းကော်မတီ များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ရောင်းချပွဲအောင်မြင်စွာကျင်းပနိုင်ရေး ယခင်ကျင်းပခဲ့သည့် ပြပွဲများ၏ အားသာချက်၊ အားနည်းချက်များအပေါ် ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားကြစေ လိုကြောင်း ပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံအတွင်း ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လင်း လာစေရေးတို့အတွက် ကျောက်မျက်ရတနာထွက်ရှိသည့်ဒေသများနှင့် ကျောက်မျက်ဈေးကွက် ဖြစ်ထွန်းနိုင်သည့်နေရာ များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ကြီးကြပ်မှု၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့၏ဦးဆောင်မှုဖြင့် မြန်မာကျပ်ငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချပွဲများ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုပေးလျက် ရှိကြောင်း၊ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ပြပွဲများတွင် ကျောက်မျက်ရတနာများတင်ပြရောင်းချပြီး သတ်မှတ်အခွန် အခများ အပြည့်အဝပေးဆောင်ခြင်းဖြင့် နိုင်ငံသားတာဝန်ကျေပွန်သောလုပ်ငန်းရှင်များ ဖြစ်လာစေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**Source :** Xinhua Myanmar

https://news.ydnp.net/315737/

## အမေရိကန် ကုန်သွယ်ရေးစစ်ဆက်ရှိနေစဉ် တရုတ်ပြည်ပပို့ကုန် တင်ပို့မှုထပ်မံကျဆင်း

တရုတ်နိုင်ငံရဲ့ ပြည်ပပို့ကုန်တင်ပို့မှုဟာ နိုဝင်ဘာလမှာကျဆင်းခဲ့ပြီး အမေရိကန်ဆီ ပို့ကုန်တင်ပို့မှုပိုင်းမှာလည်း သိသိသာသာနေးကွေးခဲ့ကြောင်းသိရပါတယ်။ ယင်းအတွက်ကြောင့်လည်း ကမ္ဘာ့စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ရဲ့ ရိုက်ခတ်မှုဒဏ်တွေနဲ့ပတ်သက်လို့ စိုးရိမ်ပူပန်မှုတွေ ပိုမိုမြင့်တက်စေခဲ့ပါတယ်။ ကမ္ဘာ့ဒုတိယ အကြီးဆုံး စီးပွားရေးနိုင်ငံ တရုတ်ရဲ့နိုဝင်ဘာလ ပို့ကုန်တင်ပို့မှုဟာ ယခင်အစောပိုင်းတစ်နှစ်ကထက် ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး လေးလ ဆက်တိုက်ကျဆင်းမှုလည်းဖြစ်တယ်လို့သိရပါတယ်။ အမေရိကန်ဆီ ပို့ကုန်တင်ပို့မှုဟာလည်း ၂၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ဒါဟာဖေဖော်ဝါရီလနောက်ပိုင်း အဆိုးဝါးဆုံးသောရလဒ်ဖြစ်ပါတယ်။ လက်ရှိဆက်ရှိနေတဲ့ ကုန်သွယ်ရေး အငြင်းပွားမှုတစိတ်တစ်ပိုင်းအဖြစ် တရုတ်ကုန်စည်ပစ္စည်းတွေအပေါ် နောက်ထပ်တကျော့ အမေရိကန်အခွန်ချမှတ်မှုကလည်း လာမယ့် တနင်္ဂနွေကနေစလို့ အသက်ဝင်လာဖို့ရှိနေပါတယ်။

**Source:** https://www.bbc.com/news/business-50704397

**SFJ Strategy First Journal**

## ဒေသဆိုင်ရာအညွှန်းများ (Geographical Indications) ပိုမိုအကာအကွယ်ပေးရေး သဘောတူစာချုပ်တွင် အီးယူအဖွဲ့ဝင်ဖြစ်လာ

ဂျီနီဗာအက်၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေးအတွက် ဂျီနီဗာမြို့ရှိ ကမ္ဘာ့အသိဉာဏ် ပစ္စည်းဆိုင်ရာအဖွဲ့ချုပ် (World Intellectual Property Organization-WIPO) ၌ ဥရောပသမဂ္ဂ၏ တရားဝင်စာရွက်စာတမ်းများကို တင်ပြခဲ့ကြောင်းနှင့် ယင်းမှာ ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့ချုပ်မှ စီမံခန့်ခွဲဆောင်ရွက်သည့် ဒေသဆိုင်ရာအညွှန်းများ ပိုမိုအကာအကွယ် ပေးရေး နိုင်ငံစုံသဘောတူစာချုပ်တစ်ခုဖြစ်သည့် ဂျီနီဗာအက် (Geneva Act) ၏ အဖွဲ့ဝင်ဖြစ်လာစေရေး အီးယူအတွက် နောက်ဆုံးအဆင့် တစ်ခု ဖြစ်ကြောင်း ဥရောပကော်မရှင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာန၏ ၂၆.၁၁.၂၀၁၉ နေ့တွင် သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ ထိုသို့ တရားဝင် တင်ပြဆောင်ရွက်ခြင်းမပြုမီ အီးယူအနေဖြင့် ဂျီနီဗာအက်၏ အဖွဲ့ဝင်ဖြစ်လာစေရေးအတွက် ဥရောပပါလီမန်နှင့်ကောင်စီတို့က ၎င်းတို့၏ထောက်ခံမှုကို ပြသခဲ့ကြကြောင်း နှင့် အီးယူကောင်စီမှ ၇.၁၀.၂၀၁၉ နေ့တွင်ချမှတ်ခဲ့သည့် Legal Package တွင် ဂျီနီဗာအက်၏အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေး အတွက် ဥပဒေရေးရာအခြေခံနှင့် ၎င်းအက်၏ အဖွဲ့ဝင်အဖြစ် အီးယူအနေဖြင့်ဆောင်ရွက်မည့် စည်းမျဉ်းဥပဒေများလည်း ပါဝင်ကြောင်းသိရှိရပါသည်။ အီးယူအဖွဲ့ဝင် (၇)နိုင်ငံအပါအဝင် လက်ရှိတွင် အဖွဲ့ဝင်(၂၈)နိုင်ငံပါဝင်သည့် ပင်ရင်းဒေသ အယူခံမှုနှင့် နိုင်ငံတကာမှတ်ပုံတင်ခြင်းဆိုင်ရာ အကာအကွယ်ပေးရေး လစ္စဘွန်း သဘောတူညီချက် (Lisbon Agreement for the Protection of Appellations of Origin and their International Registration)တွင် ထုတ်ကုန်များ၏ ပင်ရင်းဒေသဆိုင်ရာ အကာအကွယ်ပေးမှု (Appellations of Origin-AO) ပါဝင်ကြောင်း၊ လစ္စဘွန်း သဘော တူညီချက်ကို ခေတ်မီဆန်းသစ်ထားသည့် ဂျီနီဗာအက်သည် ၎င်း၏လွှမ်းခြုံနိုင်မှုနယ်ပယ်ကို Appellations of Origin (AOs) များမှ ဒေသဆိုင်ရာအညွှန်းများအားလုံး(GIs) ပါဝင်နိုင်စေရန် ချဲ့ထွင်ထားပြီး၊ ဥရောပသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်အဖြစ် ဝင်ရောက်မှုကိုခွင့်ပြုထားကြောင်း၊ ဂျီနီဗာအက်တွင် အီးယူ၏အဖွဲ့ဝင်အဖြစ် ဝင်ရောက်မှုသည် အီးယူ၏ ဒေသဆိုင်ရာအညွှန်းများ (GIs) ကို ပိုမိုအကာအကွယ် ပေးနိုင်စေလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့် အရည်အချင်းပြည့်မီသော အဖွဲ့အစည်း (၅)ခုမှ ၎င်းတို့၏ဝင်ရောက်မှုကို အတည်ပြုပြီး နောက် (၃)လအကြာတွင် အဆိုပါ ဂျီနီဗာအက်မှာ အသက်ဝင်အာဏာတည်မည်ဖြစ်ကြောင်း၊ အီးယူသည် (၅)ခုမြောက် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့် အရည်အချင်းပြည့်မီသော အဖွဲ့အစည်းဖြစ်သဖြင့် ၎င်းစာချုပ်သည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ လကုန်တွင် စတင် အသက်ဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ လက်ရှိတွင် အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် အီးယူအဖွဲ့ဝင် မဟုတ်သောနိုင်ငံများမှ ဝိုင်၊ အရက်နှင့် စားသောက်ကုန် အမည်ပေါင်း (၃၀၀၀) ကျော်ကို အီးယူတွင်ဒေသဆိုင်ရာအညွှန်း (GIs) မှတ်ပုံတင်ထားကြောင်း အဆိုပါသတင်းက ဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ကုမ္ပဏီအများစုသည် တရုတ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုကိုစွန့်ခွာ၍ အရှေ့တောင်အာရှဒေသဘက်သို့ ပိုမိုအာရုံစိုက်လာသည့် သတင်းတင်ပြခြင်း

အမေရိကန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ရှည်ကြာသော ကုန်သွယ်ရေး စစ်ပွဲ အခြေအနေများကို အခြေခံ၍ ကြီးမြင့်လာသော ကုန်ထုတ်လုပ်မှုစရိတ်များတို့ကြောင့် တရုတ်နိုင်ငံ၌ စက်ရုံများတည်ထောင်ထားကြသည့် တောင်ကိုရီးယားနိုင်ငံအပါအဝင် အခြားသောနိုင်ငံများမှ ကုမ္ပဏီများသည် ၎င်းတို့၏ စက်ရုံများ၊ ရင်းနှီးမြှုပ်နှံမှုများကို တရုတ်နိုင်ငံမှရုတ်သိမ်း၍ အရှေ့တောင်အာရှဒေသရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံဒေသများသို့ ရွှေ့ပြောင်းလျက်ရှိကြပါသည်။ အဖွဲ့ဝင်(၁၀)နိုင်ငံဖြင့် ဖွဲ့စည်းထားသော အာဆီယံဒေသသည် ငယ်ရွယ်၍တက်ကြွသော လုပ်သားအင်အားများစွာရှိပြီး၊ လုပ်ခလစာသက်သာသည့် အတွက် တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုဈေးကွက်အား အစားထိုးရန်အကောင်းဆုံးဒေသကြီးဖြစ်သည်ဟု နိုင်ငံအများစုက လက်ခံလျက်ရှိကြပါသည်။ တရုတ်နိုင်ငံတွင် ကုန်ထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဂျာမန်ကုမ္ပဏီ ၅၂၆ ခုကို စစ်တမ်းကောက်ယူချက်အရ ၃% သော ကုမ္ပဏီများသည် ၎င်းတို့၏စက်ရုံများကို တရုတ်နိုင်ငံမှရုတ်သိမ်းရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ ယင်းတို့အနက်မှ ကုမ္ပဏီ ၁၀၄ ခုသည် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကိုပါ အပြီးတိုင်ရုတ်သိမ်းရန် ဆုံးဖြတ်ပြီးဖြစ်ပါကြောင်း၊ ဂျာမန်ကုမ္ပဏီအများစုသည် အမေရိကန်နှင့် တရုတ်တို့အကြား ကုန်သွယ်ရေးဆိုင်ရာ မပြေလည်မှုများကြောင့် အလုပ်သမားခနှင့် ကုန်ထုတ်လုပ်မှုစရိတ်များတိုးမြင့်လာခြင်းအပေါ် မကျေနပ်ကြကြောင်း ဂျာမန်ကုန်သည်ကြီးများအသင်းထံမှသိရှိရပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်း ကုမ္ပဏီကြီးများဖြစ်သော Samsung Electronics ၊ Hyundai Motors ၊ Kia Motors တို့အပါအဝင် တောင်ကိုရီးယားကုမ္ပဏီများသည် ၎င်းတို့၏ စက်ရုံတစ်ခုလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းအား တရုတ်ပြည်၏ ပြင်ပတွင်အခြေချရန်နှင့် တရုတ်ပြည်မကြီးအပေါ် မှီခိုရမှုကိုလျှော့ချရန် ဆန္ဒပြင်းပြလျက်ရှိကြကြောင်း၊ မပြီးပြတ်နိုင်သည့် အမေရိကန်-တရုတ်ကုန်သွယ်ရေးအငြင်းပွားမှုသည် ကမ္ဘာ့စီးပွားရေးကိုပါထိခိုက်လျက်ရှိကြောင်း၊ အကယ်၍ အဓိကကုန်ထုတ်လုပ်သည့် ကုမ္ပဏီကြီးများမှ တရုတ်နိုင်ငံကို စွန့်ခွာသွားပါက ကုန်ပစ္စည်း Suppliers များတွင်လည်း ထိခိုက်မှုရှိနိုင်ကြောင်း Ewha Womans University မှ Professor Choi Byung-il က ပြောကြားခဲ့ပါသည်။ စမတ်ဖုန်းရောင်းအားကျဆင်း လာခြင်းကြောင့် Samsung သည် ယင်း၏အဓိက စက်ရုံအသစ်ကို တီယန်ကျင်းမြို့တွင် ထားရှိရန် ၂၀၁၈ ခုနှစ်က ရွေးချယ်ခဲ့ပြီးသည့်နောက် တရုတ်နိုင်ငံရှိ ယင်း၏နောက်ဆုံး စက်ရုံဖြစ်သော Huizhou plant ကို ၂၀၁၉ ခုနှစ်၊ ဖွန်လတွင် ပိတ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။ ထို့ပြင် Hyundai သည် ၎င်း၏ ပေကျင်းမြို့ရှိ စက်ရုံအား ကုန်ထုတ်လုပ်မှုကို ၂၀၁၉ ခုနှစ်၊ မေလမှစ၍ ယာယီရပ်ဆိုင်းထားခဲ့ကြောင်း၊ ၎င်း၏ မိတ်ဖက်ဖြစ်သူ KIA မှလည်း Jiansu ပြည်နယ်၌ မော်တော်ယာဉ်ထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ကြောင်း၊ LG Electronics အနေဖြင့် တောင်ကိုရီးယားမှ အမေရိကန်သို့တင်ပို့မည့် ရေခဲသေတ္တာများအား တရုတ်နိုင်ငံ၊ Zhejiang ပြည်နယ်၌ ထုတ်လုပ်နေခြင်းကို အပြီးတိုင်ရွှေ့ပြောင်းခဲ့ကြောင်း၊ တောင်ကိုရီးယား၏ အဓိက Supermarket Chain Operator ဖြစ်သော Lotte Mart ၊ Emart တို့သည်လည်း အရှုံးပေါ်လာသည့်နှစ်များ ဆက်တိုက်ဖြစ်ပေါ်လာသည့်အတွက် တရုတ်နိုင်ငံကို စွန့်ခွာကြပြီဖြစ်ကြောင်း သိရှိရပါသည်။ အခြားသောဂျာမနီနှင့် ဂျပန်နိုင်ငံတို့မှ ထိပ်တန်းကုန်ထုတ်လုပ်မှုစက်ရုံများလည်း တရုတ်နိုင်ငံကို စွန့်ခွာနိုင်ရန် နယ်မြေသစ်ရှာဖွေလျက်ရှိကြကြောင်း၊ အချို့သောကုမ္ပဏီများအနေဖြင့် ကုန်ကျစရိတ် သက်သာသော ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံများသို့ ၎င်းတို့၏လုပ်ငန်းများအား အခြေချချဲ့ထွင်ကြပြီးဖြစ်ကြောင်း၊ Samsung သည် ယင်း၏ ကမ္ဘာ့အကြီးဆုံး စမတ်ဖုန်းထုတ်လုပ်သည့် စက်ရုံအား နယူးဒေလီမြို့တွင် ၂၀၁၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ Hyundai သည် ၎င်း၏ အရှေ့တောင်အာရှတွင် ပထမဆုံးကားစက်ရုံအား အင်ဒိုနီးရှားနိုင်ငံ၌ တည်ဆောက်နိုင်ရေးအတွက် ပဏာမ သဘောတူညီချက်အား နိုဝင်ဘာလအတွင်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများတင်သာမဟုတ်ဘဲ အမေရိကန်နည်းပညာကုမ္ပဏီများ၊ ဂျာမန်နှင့်ဂျပန်ကုမ္ပဏီများသည်လည်း တရုတ်နိုင်ငံကို စွန့်ခွာရန် ဆောင်ရွက်လျက်ရှိကြကြောင်း၊ လုပ်အားခ၊ ကုန်ထုတ်လုပ်မှု စရိတ်မြင့်မားလာခြင်းနှင့် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲတို့၏ ရိုက်ခတ်မှုဒဏ်များအပြင်၊ ကုမ္ပဏီများအနေဖြင့် လုံခြုံရေးဆိုင်ရာပစ္စည်းများအား တရုတ်နိုင်ငံ၌ ထုတ်လုပ်ရခြင်းအပေါ်တွင် လုံခြုံမှုမရှိဟု စိုးရိမ်မှုများခံစားလာရကြောင်း ရေးသားဖော်ပြထားပါသည်။ သို့ပါ၍ အထက်တင်ပြပါ အကြောင်းအရာများကြောင့် လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများအပါအဝင် အမေရိကန်၊ ဂျာမန်၊ ဂျပန်အစရှိသည့် ကုမ္ပဏီများသည် တရုတ်နိုင်ငံရှိ ကုန်ထုတ်လုပ်မှုစက်ရုံများအား ရွှေ့ပြောင်းရန် စိတ်အားထက်သန်လျက်ရှိကြပြီး၊ ကုန်ကျစရိတ်သက်သာသည့် အရှေ့တောင်အာရှနိုင်ငံများ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ နှင့် အိန္ဒိယနိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံ၍ စက်ရုံများရွှေ့ပြောင်းတည်ထောင်ရန် စိတ်ဝင်စားလျက်ရှိကြပါသည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် သမ္မတမွန်ဂျေအင်း၏ တောင်ပိုင်းဆိုင်ရာမူဝါဒကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အထူးစိတ်အားထက်သန်လျက်ရှိပါသည်။ ထို့ကြောင့် အာဆီယံ-ကိုရီးယားဆွေးနွေးဘက်နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ်မဲခေါင်-

ကိုရီးယားထိပ်သီးအစည်းအဝေးတို့အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်နေ့မှ (၂၇)ရက်နေ့အတွင်း တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအချိန်သည် တောင်ကိုရီးယားနိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများမှ တရုတ်နိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုများကို စွန့်ခွာ၍ ကုန်ကျစရိတ်ပိုမိုသက်သာမည့် အရှေ့တောင်အာရှနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုမြင့်တက်နေသည့်အချိန်ဖြစ်သည့်အားလျော်စွာ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအတွင်း ပိုမိုရောက်ရှိလာနိုင်စေရေးအတွက် မိမိနိုင်ငံ၌ ပြည်ပစီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရာတွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအား အခြားအာဆီယံနိုင်ငံများထက် ပိုမိုလွယ်ကူစွာဆောင်ရွက်ပေးရေးနှင့် မိမိနိုင်ငံ၏ Ease of Doing Business Ranking တိုးတက်ရေးကို ပိုမိုအလေးပေး ဆောင်ရွက်သင့်သည့်အချိန်အခါဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## STOCK EXCHANGE (11.12.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 1,865 | 21,447,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,850 | 1,332 | 5,128,200 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 20 | 460,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,950 | 1 | 2,950 | 12,823,224 | 37,829 |

### Market summary

As of 11th Dec. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 469.35 | +0.94 | +0.20% | 468.41 | 469.35 | 468.41 | 3,218 | 27,038,650 | 5 | 642,688 |

**Index chart**



# Market Overview

As of 1:00 pm, 11th Dec. 2019

| MYANPIX | 469.35 ▲ 0.94 |
|---|---|
| Total Volume (shares) | 3,218 |
| Total Value (MMK) | 27 mil |
| Listed Company | 5 |
| Market Cap. (MMK) | 642,688 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 100 |

TIR